MYANMAR GARMENT MANUFACTURERS ASSOCIATION

# NEWSLETTER

APRIL 2025, ISSUE




## MGMA ၏ လက်ကမ်းအလှူပက်ကေ့ချ် ဂုဏ်ပြုလက်မှတ် ပေးအပ်ပွဲအခမ်းအနား

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ ကြီးမှူး၍ လက်ကမ်းအလှူပက်ကေ့ချ် အစီအစဉ်အတွက် ဂုဏ်ပြုလက်မှတ် ပေးအပ်ပွဲအခမ်းအနားကို ဧပြီလ ၄ ရက်က  MGMA အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် MGMA ၏ ဥက္ကဋ္ဌ ဦးမြင့်စိုးမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး MGMA ၏ အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ် မှ MGMA မှလုပ်ဆောင်သွားမည့် လျှော့ချင်ဘေးသင့်ဒေသများအတွက် ကယ်ဆယ်ရေးလုပ်ငန်းစဉ်များနှင့် UMFCCI ၏ကယ်ဆယ်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

စာ - ၂ သို့ >>>>>>>>>>

# မာတိကာ

**သတင်းနှင့်လှုပ်ရှားမှုများ** **စာမျက်နှာ**


MGMA ၏ လက်ကမ်းအလှူပက်ကေ့ချ်ဂုဏ်ပြုလက်မှတ် ပေးအပ်ပွဲအခမ်းအနား ................................ ၂-၃

လက်ကမ်းအလှူ ပက်ကေ့ချ် အစီအစဉ် ........................................................................... ၄~၇

Fashion In Style 2025 ..................................................................................................... ၈-၉

Occupational Safety & Health Management System In-Factory Training (တစ်ရက်တာသင်တန်း) ၁၀

အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၅) ................................................................. ၁၁


## Upcoming Activities

| *No.* | *Descriptions* | *Date* | *Venue* |
|---|---|---|---|
| 1. | OSH In-factory Training | May | Member Factory |
| 2. | Helping Hands activities to powerful earthquake affected region | May | Nay Pyi Taw |

## Membership Update


New Member in April 2025 ........................................................................ ၁၂

Membership update as of April 2025 ....................................................... ၁၂

# MGMA ၏ လက်ကမ်းအလှူပက်ကေ့ချ်ဂုဏ်ပြုလက်မှတ် ပေးအပ်ပွဲအခမ်းအနား




မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ ကြီးမှူး၍ လက်ကမ်းအလှူပက်ကေ့ချ် အစီအစဉ်အတွက် ဂုဏ်ပြုလက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ဧပြီလ ၄ ရက်က MGMA အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် MGMA ၏ ဥက္ကဌ ဦးမြင့်စိုးမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး MGMA ၏ အထွေထွေအတွင်းရေးမှူး ဒေါ် ခိုင်ခိုင်နွယ် မှ MGMA မှလုပ်ဆောင်သွားမည့် လျှော်ဘေးသင့်ဒေသများအတွက် ကယ်ဆယ်ရေးလုပ်ငန်းစဉ်များနှင့် UMFCCI ၏ကယ်ဆယ်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် MGMA ၏ မန်နေဂျင်းဒါရိုက်တာမှ အင်အားကြီး ငလျင်လှုပ်ခတ်ခြင်းခံခဲ့ရသည့် ဒေသများဖြစ်သော မန္တလေး၊ စစ်ကိုင်း၊ ရှမ်းပြည်နယ်၊ နေပြည်တော် သို့ သွားရောက်လှူဒါန်းမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲသည်။ ထို့နောက် MGMA ၏ အလုပ်အမှုဆောင်အဖွဲ့ဝင်များမှ KOGAM၊ JGMA, CTGA, Fantastic Myanmar နှင့် အဖွဲ့ဝင်စက်ရုံများအား ဂုဏ်ပြုလက်မှတ် ပေးအပ်ချီးမြှင့်ခဲ့သည်။ MGMA အနေဖြင့် ဧပြီလ ၄ ရက်ထိ အဖွဲ့ဝင်စက်ရုံများထံမှ အလှူငွေကျပ် ၂၃၇,၂၀၀,၀၀၀ လက်ခံရရှိခဲ့သည်။







MYANMAR GARMENT MANUFACTURERS ASSOCIATION
Awarding Ceremony
of


MGMA





# လက်ကမ်းအလှူ ပက်ကေ့ချ် အစီအစဉ်

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ ဆန်၊ ဆီ၊ ဆေး၊ အမိုး၊ အခင်း၊ ဆိုလာမီးအိမ် ပါဝင်သော အလှူအိတ် နှင့် ငွေသားထောက်ပံ့ကြေး များကို ငလျင်ဒဏ်သင့်ဒေသများဖြစ်သော မန္တလေး၊ အင်းဝ၊ အမရပူရ နှင့် စစ်ကိုင်းတိုင်း တို့သို့ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၉ ရက်မှ ၁၁ ရက်ထိ MGMA Helping Hand Program အစီအစဉ်ဖြင့် သွားရောက်လှူဒါန်းခဲ့သည်။

KOGAM၊ JGMA၊ CTGA နှင့် MGMA အဖွဲ့ဝင်များမှ စေတနာဖြင့် လှူဒါန်းသော အလှူအိတ်များအား ဘုန်းတော်နိုင်ငံ ကျေးရွာ၊ ဟသ်ာခရိုင်၊ အမရပူရမြို့နယ်ရှိ ကန်သာကျေးရွာရှိ ကျေးရွာ ၅ ရွာမှ မိသားစု ၄၀၀ ကို လှူဒါန်းခဲ့သည်။ ထို့နောက် စစ်ကိုင်းမြို့ ရတနာသိင်္ဂီ သီလရှင်သင်ပညာရေးကျောင်းတော်ကြီး၌ ဆိုလာပြားများဖြင့် ရေစုပ်စက်များ အရေးပေါ် တပ်ဆင်ကာ အနီးနားရှိ ကျေးရွာများ ရေရှည် ရေရရှိရေးအတွက် ရေစက်များလှူဒါန်းခဲ့ပြီး  သီလရှင် အပါး (၅၀)အား ကယ်ဆယ်ရေးလှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီးနှင့် အမရပူရဒေသအတွက် လှူဒါန်းငွေစုစုပေါင်း ကျပ် ၃၈,၀၀၀,၀၀၀ ကို ၂၀၂၅ ခုနှစ်၊ ဧပြီလ ၉ ရက် တွင် လှူဒါန်းခဲ့သည်။






















MYANMAR GARMENT MANUFACTURERS ASSOCIATION


ထို့နောက် ကောလင်းကျောင်းတိုက်နှင့် အနီးနားရှိ ကျေးရွာ ၇ ရွာမှ သံဃာ ၇ ပါးနှင့် မိသားစု ၉၃ စု အားလည်းကောင်း၊ အဝင်စံကွက်သစ်ကျေးရွာမှ မိသားစု (၁၀၀)၊ အင်းဝဒေသရှိ လှေကြီးတန်းကျေးရွာသို့ မိသားစု (၁၀၀) တို့အား လည်းကောင်း အလှူအိတ်များ လှူဒါန်းခဲ့ပါသည်။ အင်းဝဒေသ၊ ဟံသာဝတီကျေးရွာတွင် ရေရရှိရေး ရေရှည်တည်တံ့စေရန် အတွက် ဆိုလာပြားများဖြင့် ရေစုပ်စက်များ အရေးပေါ် တပ်ဆင်ပေးခဲ့သည်။ မန္တလေးမြို့ ချမ်းမြသာစည် (၈၇၀ ရပ်ကွက်) ၊ အိမ်ပြိုကျပျက်စီးခဲ့သည် မိသားစု ၈၀ အားလည်းကောင်း၊ ပြိုကျပျက်စီးပြီး အသက်ဆုံးရှုံးခဲ့ရသည့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ကုသိုလ်ဖြစ် သီလရှင်ကျောင်း (၆) ကျောင်း နှင့် ဘုန်းကြီးကျောင်း (၃) ကျောင်း တို့အား MGMA မှ ထောက်ပံ့ငွေ ၁၁,၅၈၀,၀၀၀ ကျပ် လှူဒါန်းခဲ့သည်။ မန္တလေး၊ စစ်ကိုင်းနှင့် အင်းဝဒေသတို့သို့ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် စုစုပေါင်း ကျပ် ၃၇,၃၀၀,၀၀၀ တိတိ လှူဒါန်းခဲ့သည်။











MGMA ၏ နောက်ဆက်တွဲ Helping Hand Program အဖြစ် မန္တလေးတိုင်းဒေသကြီးအထည်ချုပ်လုပ်ငန်းရှင်များ အသင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင်များမှ ဦးဆောင်၍ မန္တလေးတိုင်းဒေသကြီး, ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်ရှိ လျှောင်ဒဏ်သင့် ရွာ ၃ ရွာဖြစ်သော တဘက်ဆွဲရွာ- စန္ဒီဂျာမေဗလီ၊ ဟင်းငူရွာ- စိန်ဗလီ နှင့် ကျောက်ဗလီ၊ ခန်လူးရွာ- ဂျာမေ့ဗလီ  အလှူပစ္စည်းအိတ်များ နှင့် ရွှေကျီး (ရန်ကုန်) မှ ငွေကျပ်တန်ဖိုး (၄,၅၀၀,၀၀၀) ရှိ မုန့်ဖာ ၅၀ ကို မနောကြာဖြူလူမှုကူညီရေးအသင်းကား အကူအညီဖြင့် ၂၃.၄.၂၀၂၅ တွင် သွားရောက်မျှဝေလှူဒါန်းပေးခဲ့ပါသည်။

လှူဒါန်းမှုတွင် ဆန်၊ ဆီ၊ ဆေး ပစ္စည်း (၃) မျိုး ပါဝင်သောအလှူပစ္စည်းအိတ် ၄၉ အိတ် အားလည်းကောင်း၊ ဗလီ ဆရာတော်ကြီးများအား ဆန်၊ ဆီ၊ ဆေး၊ အမိုး၊ အခင်း၊ ဆိုလာမီးအိမ် ပစ္စည်း (၆) မျိုး ပါဝင်သောအလှူပစ္စည်းအိတ် ၄ အိတ် အားလည်းကောင်း နီလာကုန်မျိုးစုံဖြန့်ချိရေးမှလည်း ပုဝါများ နှင့် တီရှပ်အင်္ကျီများအားလည်းကောင်း ပါဝင်လှူဒါန်း ပေးခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီး, အမရပူရမြို့နယ်ရှိ ဖုံးအိုးရွာ ဗလီဆရာတော်ကြီးထံ ဆန်၊ ဆီ၊ ဆေး၊ အမိုး၊ အခင်း၊ ဆိုလာမီးအိမ် ပစ္စည်း (၆) မျိုး ပါဝင်သောအလှူပစ္စည်းအိတ် ၂ အိတ်, ဆန်၊ ဆီ၊ ဆေး ပစ္စည်း (၃) မျိုး ပါဝင်သောအလှူပစ္စည်းအိတ် ၁ အိတ် အား ၂၅.၄.၂၀၂၅ တွင်သွားရောက်လှူဒါန်းခဲ့ပါသည်။












# Fashion In Style 2025




ဟောင်ကောင်ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကောင်စီ (HKTDC) မှကြီးမှူးသည့် Fashion In Style 2025 ကို ဧပြီလ ၂၇ ရက်မှ ၃၀ ရက်ထိ Hong Kong Convention and Exhibition Centre – HKCEC ၌ကျင်းပခဲ့သည်။ အဆိုပါပြပွဲသို့ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များ အသင်း (MGMA) ၏စီစဉ်မှုဖြင့် ရန်ကုန်နှင့် မန္တလေးတိုင်း ဒေသကြီးတို့ရှိအဖွဲ့ဝင် စက်ရုံများမှအထည်ချုပ် လုပ်ငန်းရှင် ၁၀ ဦး မှ Buyer Delegation Visit အဖြစ် သွားရောက်လေ့လာခဲ့သည်။

Buyer Delegation များအနေဖြင့် ပြပွဲဖွင့်ပွဲအခမ်းအနားများ၊  VIP guided Tour များ၊ ဖက်ရှင်ပြပွဲများနှင့် Fashion Trends Meets ဆွေးနွေးပွဲများကိုတက်ရောက်ခဲ့ကြသည်။ ထို့နောက် အထည်အလိပ်၊ စက်နှင့် အဝတ်အထည်ဆေးဆိုးခြင်းနည်းပညာဆိုင်ရာ ပြခန်းပေါင်း ၆ ခု နှင့် Buyer Delegates တို့တွေ့ဆုံကာ Business Matching များကို ပြပွဲရက် ၃ ရက်တွင် ပြုလုပ်ခဲ့ကြပြီး HKTDC ၏ လှုပ်ရှားမှုများကို ဒစ်ဂျစ်တယ် ပလပ်ဖောင်းပေါ်၌မြှင့်တင်ခဲ့ကြသည်။














CLEAR PAPER BAG


NEXT
Colorifix Ltd




Zhuhai Print-Rite New Materials
Corporation Limited




NEXT
Meet the Master - Han Chong – "Hong Kong: The Gateway of self po
與時尚大師 Han Chong 對談 – 香港: self portrait 的成功要門


Fashion InStyle
NEXT
Designer Spotlight
設計師舞臺
Fashion Accessories
時尚配飾

# Occupational Safety & Health Management System In-Factory Training (တစ်ရက်တာသင်တန်း)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူး၍ Occupational Safety & Health Management System In-Factory Training (တစ်ရက်တာသင်တန်း) ကို ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၈ ရက် တွင် Myanmar Hua Yue Garment Ltd ၌ပြုလုပ်ခဲ့သည်။

MGMA ၏ Senior Labour Officer ဦးမင်းစိုးဟန် မှအဖွင့်အမှာစကားပြောကြားခဲ့ပြီးသင်တန်းကို စတင်ခဲ့သည်။ သင်တန်းတွင် MGMA ၏အလုပ်သမားရေးရာ အရာရှိများမှ Basic concepts of Occupational Safety and Health, Occupational Safety and Health Laws, Roles & Responsibilities, Workplace Hazards and Prevention in Garment Industry, Risk Management System, Occupational cleanliness and waste management, Occupational safety and Health Management System, Emergency Preparedness, Fire Safety, Electrical Safety, Chemical Safety, Occupational Health Hazards and ways to prevent, Building Good habits/Practices & Auditing များကိုအဖွဲ့လိုက်ဆွေးနွေးမှုများ၊ အမေးအဖြေကဏ္ဍများဖြင့် သင်ကြားပြသပေးခဲ့သည်။

ထို့နောက် MGMA ၏ Senior Labour Officer ဦးမင်းစိုးဟန် မှသင်တန်းပြီးဆုံးကြောင်း နှုတ်ဆက်စကားပြောကြားခဲ့ပြီး Myanmar Hua Yue Garment Ltd, Hua Mian Garment Ltd နှင့် Myanmar Zande Garment Ltd တို့မှ ဝန်ထမ်း (၉) ဦး တက်ရောက်တို့ကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။



Senior Labour Officer presenting OSH



Junior Labour Officer presenting OSH



Awarding Certificate



Group Photo

# အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၅၂)



Batch – 252 Group Photo

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ ကြီးမှူးပြီး အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၅၂) ကို ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်မှ ဧပြီလ ၂၅ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

အစိုးရနည်းပညာအထက်တန်းကျောင်း(ရွာမ)မှကျောင်းအုပ်ကြီး ဦးဇေယျာလင်း မှ သင်တန်းဆင်း အမှာစကားပြောကြားခဲ့သည်။ သင်တန်းတွင် အထည်ချုပ်လုပ်ခြင်းဆိုင်ရာတွင် သိသင့်သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်းအဆင့်ဆင့်များကို လက်တွေ့သင်ကြားမှုများဖြင့် သင်ကြားပေးခဲ့ပြီး MGMA မှအလုပ်သမားဥပဒေဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းပြောကြားပေးခဲ့သည်။ သင်တန်းသို့ သင်တန်းသား (၁၄) ယောက်တက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။



Principle of GTHS giving Closing Remarks



MGMA conducting Labor Law Awareness



Practice Session



Practice Session



Group Work



Trainer of MGHRDC presenting Sewing Method



Awarding Certificates



Awarding Certificates




Trainer of MGHRDC presenting Sewing Method



Trainer of MGHRDC presenting Sewing Method

# MEMBERSHIP UPDATE

New Members in April 2025

| Country | No. of New Member Factories |
|---|---|
| Vietnam | 1 |
| Marshall Island | 1 |
| **Total** | 2 |

Membership Update as of April 2025

| Status | Country | No. of Factories |
|---|---|---|
| Active | Myanmar | 64 |
| | China | 336 |
| | Korea | 55 |
| | Japan | 17 |
| | Others | 20 |
| | Joint Venture | 25 |
| | Local, Sub-Con, Marketing, Inspection, Textile | 51 |
| Total (Active) | | 568 |
| Temporary Closed | | 54 |